**ဗိုလ်သန်းရွှေ၏ကမ်းလှမ်းချက်သည်**
**တည်ကြည်လေးနက်သောဆွေးနွေးပွဲမဖြစ်နိုင်**
**ဗမာပြည်ကွန်မြူနစ်ပါတီပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ချက်**
**(အမှတ် ၅/၂၀၀၇)**
**၅ – ၁၀ – ၂၀၀၇**

ဂန်ဘာရီထွက်သွားတာနဲ့ တဆက်ထဲမှာ ဗိုလ်သန်းရွှေက ကြိုတင်စည်းကမ်းချက်များချမှတ်ပြီး အဲဒီစည်းကမ်းချက်တွေကို သဘောတူရင် ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံစကားပြောမယ်လို့ ကြေညာလိုက်ပါတယ်။

၁။ ဒီလိုပြောလာရတာဟာ ဂမ်ဘာရီနားချလို့ ဆိုတာထက် ပြည်တွင်းက သံဃာတော်များ၊ ကျောင်းသားများနဲ့ ပြည်သူများရဲ့ တိုက်ပွဲဝင်မှုကြောင့်လို့ ဆိုရပါမယ်။ ဒီလှုပ်ရှားမှုကြီးသာ မပေါ်ပေါက်ခဲ့ရင် ဒီအချိန်မှာ ဂမ်ဘာရီ ဒီနိုင်ငံကို ရောက်လာစရာအကြောင်း မရှိပါဘူး။

၂။ ဗိုလ်သန်းရွှေ ထုတ်ပြန်လိုက်တာဟာ သူ့ဘက်က လိုက်လျောချက်တခုမှမပါဘဲ ဒေါ်အောင်ဆန်းစုကြည်ဘက်က လျှော့ပေးရမယ့်အချက်တွေချည်း ဖော်ပြထားပါတယ်။ ဆွေးနွေးပွဲမှ မစသေးဘူး လက်နက်ချခိုင်းနေပါပြီ။

၃။ ဒီနှစ်ဘက်တွေ့ဆုံပွဲ တက်မတက်၊ တက်ရင်ဘာတွေပြောမယ်စတာတွေဟာ သူတို့ချင်းကိစ္စမို့ ဗကပ အနေနဲ့ စကားဦးသန်း ဘာမှမပြောလိုပါ။

၄။ တခုပဲ အကြံပြုချင်ပါတယ်။ ဒီနေ့ဗမာနိုင်ငံမှာ နိုင်ငံရေးစီးပွားရေး ကသောင်းကနင်းနဲ့ မတည်မငြိမ်ဖြစ်နေရတာတွေနဲ့ ပတ်သက်လို့ ဗိုလ်သန်းရွှေမှာ အဓိကတာဝန်ရှိတယ်လို့ပြောရင် လူတိုင်းလက်ခံမှာပါ။ ပုံပြင်ထဲမှာ ထိသမျှရွှေဖြစ်တယ်လို့ ပါပါတယ်။ ဒါပေမဲ့ ဗိုလ်သန်းရွှေကတော့ သူထိသမျှဟာ သူ့အတွက်ပဲ ရွှေဖြစ်ပြီး ပြည်သူအများအတွက်တော့ မွဲဆေးပဲ ဖြစ်ခဲ့ပါတယ်။ တတိုင်းပြည်လုံး ဒီလိုဖြစ်နေချိန်မှာ ဗိုလ်သန်းရွှေဟာ ဦးနေဝင်းကို အတုယူသင့်ပါတယ်။ ဦးနေဝင်းဟာ တိုင်းပြည်အခြေအနေ၊ အထူးသဖြင့် စီးပွားရေးကို သူမထိန်းနိုင်တော့ဘူးလို့ မြင်လာတဲ့အခါမှာ သူသျှောင်သူဆွဲပြီး ပလ္လင်ပေါ်က ဆင်းသွားခဲ့ပါတယ်။

ဗိုလ်သန်းရွှေတယောက် ဦးနေဝင်းလိုသတ္တိမျိုး ရှိပါလေစ။ ။